# လူတိုင်းလွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သော သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် ပညာပေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်းနှင့် အားလုံးအကျုံးဝင် ဆက်သွယ်ရေး စနစ်နှင့် နည်းလမ်းများ ဖော်ဆောင်ကျင့်သုံးခြင်းဆိုင်ရာ လမ်းညွှန်








## Guidelines on Accessible Information, Education and Communication Materials and Inclusive Communication System and Channels

ဇွန်လ ၂၀၂၆ ခုနှစ်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

## မာတိကာ


*၁။ လမ်းညွှန်၏ရည်ရွယ်ချက်......2*

*၂။ လမ်းညွှန်၏အခြေခံမူများ......2*

*၃။ မသန်စွမ်းသူများ လွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သော IEC ပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ......2*

၃.၁။ ပုံနှိပ်ထုတ်ဝေသောပစ္စည်းများ (Printed Materials)......2

၃.၂။ ဒစ်ဂျစ်တယ်ဖြင့်ထုတ်ဝေသောပစ္စည်းများ (Digital Materials – Multi-media, PDFs, e-Books) ......3

၃.၃။ ဗွီဒီယို/အသံတို့ဖြင့် ထုတ်ဝေသော ပစ္စည်းများ (Visual- Audio Materials - Videos, Radio, Presentations) ......4

၃.၄။ အထွေထွေအကြံပြုချက်များ......5

*၄။ မသန်စွမ်းသူများ အကျိုးဝင်သော ဆက်သွယ်ရေးစနစ်/နည်းလမ်းနှင့်ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ကျင့်သုံးရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ......6*

၄.၁။ ဆက်သွယ်ရေးစနစ်/နည်းလမ်းနှင့်ဆက်သွယ်ရေးလမ်းကြောင်းများ (Communication Systems and Channels including Community Feedback Mechanism)......6

၄.၂။ ဝက်ဘ်ဆိုက်နှင့်အပလီကေးရှင်းများ (Websites and Applications)......6

၄.၃။ အထွေထွေအကြံပြုချက်များ......7

*၅။ မသန်စွမ်းမှုအမျိုးအစားအလိုက် ယေဘုယျ Accessibility လိုအပ်ချက်များ ......7*

*၆။ မသန်စွမ်းမှုအလိုက် လက်လှမ်းမီသုံးစွဲနိုင်သည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းလမ်းနှင့် ပညာပေးပစ္စည်းအမျိုးအစားနှင့် နည်းလမ်းများ ......8*

*၇။ လူတိုင်းလွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သော သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့်ပညာပေးပစ္စည်းများထုတ်လုပ်ဖြန့်ဝေခြင်းနှင့် အားလုံးအကျုံးဝင်ဆက်သွယ်ရေးစနစ်နှင့်နည်းလမ်းများ ဖော်ဆောင်ကျင့်သုံးရာတွင် မသန်စွမ်းသူများအား ပါဝင်စေခြင်း ......9*

*၈။ ကိုးကားချက်များ ......9*

## ၁။ လမ်းညွှန်၏ရည်ရွယ်ချက်

အဖွဲ့အစည်းနှင့်ကုမ္ပဏီများက သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့်ပညာပေးပစ္စည်း (IEC Materials) များ ထုတ်လုပ်ဖြန့်ဝေရာတွင်လည်းကောင်း၊ ဆက်သွယ်ရေးစနစ်နှင့် နည်းလမ်းများ ဖော်ဆောင်ကျင့်သုံးရာတွင်လည်းကောင်း မသန်စွမ်းသူများ လက်လှမ်းမီမှုနှင့်အကျုံးဝင်မှုအတွက် မည်သို့ထည့်သွင်း စီစဉ်ဆောင်ရွက်ရမည်ကို လမ်းညွှန်မှုပေးရန်နှင့် ယင်းမှတဆင့် သတင်းအချက်အလက်နှင့် အခွင့်အလမ်းများကို မသန်စွမ်းသူများ တန်းတူညီမျှ လက်လှမ်းမီရယူအသုံးပြုလာနိုင်စေရန်။

## ၂။ လမ်းညွှန်၏အခြေခံမူများ

- ကမ္ဘာ့သုံးပုံစံ/အများသုံးပုံစံ (Universal Design) – IEC ပစ္စည်းနှင့် ဆက်သွယ်ရေးစနစ်/နည်းလမ်းများကို လူတိုင်းလက်လှမ်းမီ အသုံးပြုနိုင်သည့်အနေအထားဖြစ်အောင် အတတ်နိုင်ဆုံး ဖန်တီးပြုလုပ်ရမည်။
- တန်းတူညီမျှမှု (Equality and Equity) - မတူကွဲပြားသော မသန်စွမ်းမှုအမျိုးမျိုးရှိသူများသည် IEC ပစ္စည်းနှင့် ဆက်သွယ်ရေးစနစ်/နည်းလမ်းများကို တန်းတူညီမျှ လက်လှမ်းမီ အသုံးပြုနိုင်မှုရှိရမည်။
- လိုက်လျောညီထွေရှိမှု (Flexibility) - မသန်စွမ်းသူများသည် မသန်စွမ်းမှုအလိုက် မတူကွဲပြားသော လိုအပ်ချက်များရှိရာ IEC ပစ္စည်းနှင့် ဆက်သွယ်ရေးစနစ်/နည်းလမ်းများကို လိုက်လျောညီထွေမှုရှိသော ပုံစံအမျိုးမျိုးဖြင့် ဖန်တီးပြုလုပ်ရမည်။
- ရှင်းလင်းရိုးစင်းမှု (Clarity and Simplicity) - အလွယ်တကူ နားလည်နိုင်မည့် ရှင်းလင်းရိုးစင်းသော ပုံစံ၊ ဖော်ပြချက်၊ စနစ်နှင့် နည်းလမ်းများ ဖြစ်ရမည်။
- ပူးပေါင်းပါဝင်ဆောင်ရွက်မှု (Participation) - IEC ပစ္စည်းနှင့် ဆက်သွယ်ရေးစနစ်/နည်းလမ်းများကို အသစ်ဖန်တီးပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းနှင့် စမ်းသပ်အသုံးပြုမှုများပြုလုပ်ရာတွင် မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ခွင့်ကို အလေးထားရမည်။

## ၃။ မသန်စွမ်းသူများ လွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သော IEC ပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ

### ၃.၁။ ပုံနှိပ်ထုတ်ဝေသောပစ္စည်းများ (Printed Materials)

- ပုံနှိပ်စာလုံးနှင့်ရုပ်ပုံတို့၏အရွယ်အစား၊ အရောင်နှင့် နေရာအထားအသို တို့သည် ရှင်းလင်းပြီး နားလည်ရလွယ်ကူသည့် အနေအထားဖြစ်ရမည်။
- အင်္ဂလိပ်စာလုံးများအတွက် အနည်းဆုံး ၁၂ - ၁၄ ရှိသော ဖောင့်အရွယ်အစားကိုလည်းကောင်း၊ မြန်မာစာလုံးများအတွက် အနည်းဆုံး ၁၀ - ၁၂ ရှိသော ဖောင့်အရွယ်အစားကိုလည်းကောင်း အသုံးပြုပါ။ ခေါင်းစဉ်နှင့်ခေါင်းစည်းစာလုံးများ၏ အရွယ်အစားသည် ပိုမိုကြီးမားပါစေ။

- နောက်ခံအရောင်၊ စာလုံးအရောင်နှင့် ရုပ်ပုံအရောင်များသည် ကွဲပြားပြီး ရှင်းလင်းထင်ရှား ပေါ်လွင်စွာ မြင်ရသည့်အနေအထားဖြစ်ပါစေ (ဥပမာ - အနက်နှင့်အဖြူ၊ အပြာနှင့်အဖြူ စသည်)။ လိုအပ်ပါက အရောင်ပေါင်းစပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူထံမှ အကြံဉာဏ်ရယူ ဆောင်ရွက်ပါ)။
- Arial, Verdana စသည်ဖြင့် sans-serif ဖောင့်များကို ဦးစားပေးအသုံးပြုပါ။
- အက္ခရာစာလုံးများကို အလွန်အမင်း အလှဆင်ခြင်း/အတွန့်အတက် ထည့်ခြင်းများမှ ရှောင်ကြဉ်ပါ။ (ဆိုလိုသည်မှာ ဖတ်ရှုသူ၏မြင်ကွင်းကို ပိုမိုရှုပ်ထွေးမှု၊ အားစိုက်ဖတ်ရမှု မဖြစ် စေရန် ဂရုပြုပါ)
- မျက်မမြင်လက်စမ်းစာပုံစံဖြင့်လည်း လက်လှမ်းမီရရှိနိုင်ရန်စီစဉ်ဆောင်ရွက်ပေးပါ (မျက်မမြင် လက်စမ်းစာတွင် မြန်မာမူသစ်၊ မြန်မာမူဟောင်းနှင့် အင်္ဂလိပ်မျက်မမြင်စာတို့အပြင် အခြား ဘာသာစကားအမျိုးမျိုးဖြင့် ပုံစံအမျိုးမျိုးရှိရာ မိမိစီမံချက်နယ်မြေ အတွင်းရှိ သက်ဆိုင်ရာ မျက်မမြင်အဖွဲ့အစည်းများ (သို့မဟုတ်) အမြင်အာရုံမသန်စွမ်းသူများနှင့် တိုင်ပင်အကြံဉာဏ် ရယူပြီး ရွေးချယ်ပါ)
- ရိုးရှင်းတိုတုတ်ပြီး နားလည်ရလွယ်ကူသော ဝါကျဖွဲ့စည်းပုံစာကြောင်း (သို့မဟုတ်) စကားလုံး များကို အသုံးပြုပါ။
- သတင်းအချက်အလက်/အကြောင်းအရာများကို စာသား/စာလုံးများဖြင့် ဖော်ပြခြင်းအပြင် ရုပ်ပုံ/သင်္ကေတ တို့ဖြည့်လည်း ဖော်ပြပေးပါ။
- စာရွက်စာတမ်း/စာအုပ်စာစောင်များသည်ဖတ်ရှုသူလွယ်ကူပေါ့ပါးစွာကိုင်တွယ်၊ သယ်ဆောင်၊ အသုံးပြုနိုင်သည့် အနေအထားဖြစ်ပါစေ။

## ၃.၂။ ဒစ်ဂျစ်တယ်ဖြင့်ထုတ်ဝေသောပစ္စည်းများ (Digital Materials – Multi-media, PDFs, e-Books)

- စာလုံးနှင့်ရုပ်ပုံများသည် Screen Reader ဖြင့် ဖတ်နိုင်သည့်ပုံစံဖြစ်ရမည် (မျက်မမြင်အဖွဲ့ အစည်း၊ IT ပညာရှင်တို့နှင့် ဆွေးနွေးဆောင်ရွက်ပါရန်)။
- PDF ဖိုင်ပြုလုပ်ရာတွင် HTML Format (သို့မဟုတ်) Accessible PDFs ပုံစံဖြစ်ရမည်။ Image-Only PDFs များ မဖြစ်ရပါ။
- မာလ်တီမီဒီယာများ အသုံးပြုဖော်ပြရာတွင် အသံအပြင် စာတန်းထိုးပေးခြင်း၊ လက်သင်္ကေတ ပြဘာသာပြန် ထည့်ပေးခြင်းတို့ ပြုလုပ်ပေးပါ။
- မောက်စ် အသုံးမပြုနိုင်သူများအတွက် Shortcut Key ဖြင့်အသုံးပြုနိုင်စေရန် ကီးဘုတ် လမ်းညွှန် ပါဝင်မှုရှိပါစေ။
- မျက်စိအမြင်အာရုံကို အနှောက်အယှက်ဖြစ်စေနိုင်သော မှိတ်တုတ်မှိတ်တုတ် (သို့မဟုတ်) တုန်ခါသည့်အရောင်များ အသုံးပြုခြင်းကို ရှောင်ကြဉ်ပါ။

- စာလုံးအရွယ်အစား ချုံ့ချဲ့ပြုလုပ်နိုင်မှုနှင့် အရောင်ပြောင်းနိုင်သည့် စနစ်များ ပါဝင်စေပါ။

## ၃.၃။ ဗွီဒီယို/အသံတို့ဖြင့် ထုတ်ဝေသော ပစ္စည်းများ (Visual- Audio Materials - Videos, Radio, Presentations)

- ဗွီဒီယိုများဖန်တီးပြုလုပ်ရာတွင် စကားပြောနှင့် အသိပေးလိုသည့် အကြောင်းအရာများကို အသံဖြင့်ဖော်ပြခြင်းအပြင် စာတန်းထိုးပေးခြင်း၊ လက်သင်္ကေတပြဘာသာပြန် ထည့်ပေးခြင်းတို့ ပြုလုပ်ပေးပါ။ စာတမ်းထိုးရာတွင်အသုံးပြုသည့် စာလုံးများ၏ အရောင်သည် ဗွီဒီယိုတွင် အသုံးပြုသောနောက်ခံအရောင်များနှင့် ကွဲပြားပြီး ထင်ရှားပေါ်လွင်စွာ မြင်ရသည့်အနေအထားဖြစ်ပါစေ။ စကားပြောနှင့် စာတမ်းထိုးဖော်ပြမှုအချိန်သည် တပြိုင်တည်းဖြစ်ရမည်။ အချို့စကားပြောမဟုတ်သည့် အခြေအနေများအတွက်လည်း လိုအပ်ပါက စာတမ်းထိုးထည့်ပေးသင့်ပါသည် (အသံကြားရသော်လည်း စခရင်မျက်နှာပြင်တွင် မပြသောအရာများဖြစ်သည့် ဥပမာ - တံခါးခေါက်သံ၊ ခွေးဟောင်နေသည်၊ ပင်လယ်လှိုင်းပုတ်သံ၊ အဘိုးအိုညည်းတွားသံ စသည်ဖြင့်)။ ဗွီဒီယိုတွင် ထည့်သွင်းသည့် လက်သင်္ကေတပြ ဘာသာစကားအတွက်နေရာသည် စခရင်မျက်နှာပြင်စုစုပေါင်းဧရိယာ၏ အနည်းဆုံး ၈ ပုံ ၁ ပုံ (သို့မဟုတ် ၆ ပုံ ၁ ပုံ) ဖြစ်သင့်ပါသည်။ ယင်းသည် များသောအားဖြင့် အောက်ဘက်ရှိညာဘက်ထောင့်နေရာတွင် ရှိသင့်ပါသည်။ ဗွီဒီယိုတစ်ခုလုံးတွင် တစ်နေရာတည်း၌ ပုံသေထားရပါမည်။ လက်သင်္ကေတပြဘာသာပြန်ကို ကင်မရာရိုက်ကူးသည့်အခါ ကင်မရာတည်နေရာနှင့် ဘာသာပြန်၏အကွာအဝေးကို နီးလိုက်ဝေးလိုက်မလုပ်ပဲ ပုံစံတစ်ခုတည်းတွင်ထားပါ။ လက်သင်္ကေတပြဘာသာပြန် ပြပေးသည့်အကွက်၏အရွယ်အစားကိုလည်း ကြီးလိုက်သေးလိုက် မလုပ်ရပဲ တူညီသော အရွယ်အစားတစ်ခုတည်းတွင် ထားရှိပေးရပါမည်။ လက်သင်္ကေတပြဘာသာပြန်၏ တစ်ကိုယ်လုံးကို ရိုက်ပြစရာမလိုပဲ မျက်နှာအမူအရာနှင့် လက်လှုပ်ရှားမှုများကို အသားပေးမြင်ရနိုင်သည့် ခန္ဓာကိုယ်၏အပေါ်ပိုင်းကို ဖော်ပြသည့်အနေအထားဖြစ်ရမည်။ လက်သင်္ကေတပြ ဘာသာပြန်၏အင်္ကျီအရောင်နှင့် နောက်ခံအရောင်တို့သည် ကွဲပြားရမည်ဖြစ်သလို ဘာသာပြန်၏မျက်နှာနှင့် လက်လှုပ်ရှားမှုအရောင်များသည် ရှင်းလင်းထင်ရှားပေါ်လွင်စွာ မြင်ရသည့်အနေအထား ဖြစ်နေရမည်။ မထင်မရှား/မှိန်တုတ်တုတ်/မှောင်ပြပြဖော်ပြမှုများ မဖြစ်စေပါနှင့် (နမူနာအချို့ကို အောက်ဘက်တွင် ကြည့်ပါ)။ အထူးသတိပြုရန်မှာ - မြန်မာနိုင်ငံတွင် လက်သင်္ကေတပြဘာသာစကားကို အများအားဖြင့် ပုံစံ ၃ မျိုးဖြင့် အသုံးပြုနေပြီး ၎င်းတို့မှာ (၁) National Sign Language (၂) Yangon Sign Language နှင့် (၃) Mandalay Sign Language တို့ဖြစ်ရာ မိမိစီမံချက်၏ဦးတည်အုပ်စု အကြားအာရုံမသန်စွမ်းသူများနှင့်ယင်းတို့၏လိုအပ်ချက်အလိုက် သက်ဆိုင်ရာ နားမကြားအသင်းအဖွဲ့များ/နားမကြားကျောင်းများနှင့် ဆွေးနွေးဆောင်ရွက်နိုင်ပါသည်။ အကြားအာရုံမသန်စွမ်းသူများအတွက် မြန်မာနိုင်ငံ၏ရုံးသုံးဘာသာစကားမှာ National Sign Language ဖြစ်ပြီး မြန်မာ

ရုပ်မြင်သံကြားနှင့် နိုင်ငံတော်အစီအစဉ်များတွင်မူ အဆိုပါဘာသာစကားကို အဓိက ထည့်သွင်းအသုံးပြုကြပါသည်။

- ဗွီဒီယိုပြကွက် (သို့မဟုတ်) အန်နီမေးရှင်းများကို အလွန်လျှင်မြန်စွာ ပြသခြင်းမျိုးကို ရှောင်ကြဉ်ပါ။
- အသံဖိုင်ဖြင့် ထုတ်လုပ်သော (ရေဒီယို၊ Podcast, MP3 စသည်)တို့သည့် အသံရှင်းလင်း ကြည်လင်ပြတ်သားမှုရှိရမည်။ နောက်ခံဆူညံသံများ ကင်းရှင်းရမည်။

## ၃.၄။ အထွေထွေအကြံပြုချက်များ

- IEC ပစ္စည်းများတွင် မသန်စွမ်းသူများကို ရည်ညွှန်းဖော်ပြသည့် စကားလုံးများသည် မသန်စွမ်း သူများ၏ဂုဏ်သိက္ခာနှင့်အခွင့်အရေးကို ထိခိုက်ချိုးဖောက်သော ဖော်ပြချက်များ မဖြစ်ရပါ။ (ဥပမာ - ဒုက္ခိတ/အကျိုး/အကန်း/စွံ့အ/ဉာဏ်ရည်မမီ စကားလုံးများအစား မသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံမသန်စွမ်းသူ (သို့မဟုတ်) မျက်မမြင်၊ အကြားအာရုံမသန် စွမ်းသူ (နားမကြားသူ)၊ ဉာဏ်ရည်မသန်စွမ်းသူ စသည်တို့ကို အသုံးပြုရန်)
- IEC ပစ္စည်းများတွင် ဖော်ပြသော သတင်းအချက်အလက်နှင့်အကြောင်းအရာများကို မသန် စွမ်းသူများ အခွင့်အရေးအခြေပြုချဉ်းကပ်မှုရှုထောင့်မှ ဦးစားပေး ပုံဖော်ပါ။
- အဖွဲ့အစည်းအကြောင်း/ဝန်ဆောင်မှုအကြောင်း IEC ပစ္စည်းများ (ဥပမာ - လက်ကမ်းစာစောင်၊ ပန်းဖလက်၊ ပိုစတာ၊ အင်ဖိုဂရပ်ဖစ်၊ ဗွီဒီယို၊ အခြား စသည်)ကို မသန်စွမ်းသူများ သိရှိ လက်လှမ်းမီအသုံးပြုနိုင်အောင် စီမံပါ။ (ဥပမာ - မျက်မမြင်လက်စမ်းစာ၊ စာလုံးအကြီး၊ အော်ဒီယိုအသံဖိုင်၊ စာတမ်းထိုးနှင့် လက်သင်္ကေတပြဘာသာပြန်ပါရှိသော ဗွီဒီယို၊ ဖတ်ရှုရနား လည်သည့်ပုံစံ စသည်ဖြင့်)
- IEC ပစ္စည်းများကို မြန်မာဘာသာ၊ ဒေသအလိုက် သက်ဆိုင်ရာတိုင်းရင်းသားဘာသာ စကား တို့ဖြင့် လက်လှမ်းမီရရှိနိုင်အောင် ထည့်သွင်းစီမံဆောင်ရွက်ပါ။
- IEC ပစ္စည်းများကို မသန်စွမ်းသူများ အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း ဖော်ပြအသိပေးပါ။
- IEC ပစ္စည်းများ ဖန်တီးထုတ်လုပ်ရာတွင် (သို့မဟုတ်) ပြန်လည်သုံးသပ်ပြင်ဆင်ရာတွင် သက်ဆိုင်ရာကျွမ်းကျင်သူများ၊ မသန်စွမ်းအဖွဲ့အစည်းများထံမှ အကြံဉာဏ်ရယူဆောင်ရွက် ပါ။
- IEC ပစ္စည်းများနှင့်ဆက်သွယ်ရေးနည်းလမ်းများကို မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြု နိုင်သည့်ပုံစံဖြင့် စီစဉ်/ထုတ်လုပ်/အသုံးပြုနိုင်ရန် သက်ဆိုင်ရာ ဝန်ထမ်းများကို အခြေခံအား ဖြင့် လေ့ကျင့်အသိပေးထားပါ။
- IEC ပစ္စည်းများ ထုတ်လုပ်ရာတွင် မသန်စွမ်းသူများ လက်လှမ်းမီ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရန် တွန်းအားပေးသည့် မူဝါဒ/ညွှန်ကြားချက်/ မှာကြားချက်များ အဖွဲ့အစည်း အတွင်း ပြဋ္ဌာန်းထားရှိ ကျင့်သုံးပါ။

- မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သော IEC ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်သော ဘတ်ဂျက်များကို ကြိုတင်လျာထား ထည့်သွင်းရေးဆွဲထားပါ။

## ၄။ မသန်စွမ်းသူများ အကျုံးဝင်သော ဆက်သွယ်ရေးစနစ်/နည်းလမ်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ကျင့်သုံးရာတွင် ထည့်သွင်း စဉ်းစားရမည့်အချက်များ

### ၄.၁။ ဆက်သွယ်ရေးစနစ်/နည်းလမ်းနှင့်ဆက်သွယ်ရေးလမ်းကြောင်းများ (Communication Systems and Channels including Community Feedback Mechanism)

- သတင်းအချက်အလက်မေးမြန်းစုံစမ်းရန်၊ တုန့်ပြန်အကြံပြုချက်ပေးရန်၊ တိုင်တန်းရန်နှင့် ဆက်သွယ်မှုပြုရန်အတွက် ဆက်သွယ်ရေးစနစ် နှင့်လမ်းကြောင်းကို ဖြစ်နိုင်သမျှ နည်းလမ်းစုံ/ပုံစံမျိုးစုံဖြင့် ဖန်တီးစီစဉ်ပါ (ဥပမာ - Hotline, SMS, Email, စာဖြင့်၊ လူကိုယ်တိုင် စသည်)။
- ယင်းတို့ကို မသန်စွမ်းသူများ မသန်စွမ်းမှုအလိုက် လက်လှမ်းမီသိရှိအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပါ။
- အလုပ်ခေါ်စာများ၊ သတင်းထုတ်ပြန်မှုများနှင့် ပြည်သူလူထုသို့ ပန်ကြားချက်များကို မသန်စွမ်းသူများ သိရှိလက်လှမ်းမီ နားလည်နိုင်သည့်ပုံစံများဖြင့် ဆောင်ရွက်ပါ။
- မသန်စွမ်းသူများ လက်လှမ်းမီရယူအသုံးပြုနိုင်မှု (Accessibility)၊ သင့်တင့်လျောက်ပတ်သော အစီအမံများ ဖြည့်ဆည်းပေးမှု (Reasonable Accommodation)၊ အများသုံး/ကမ္ဘာသုံးပုံစံ (Universal Designs) နှင့် အားလုံးအကျုံးဝင် ဆက်သွယ်ရေး(Inclusive Communication) ဆိုင်ရာ သဘောတရားနှင့် အလေ့အကျင့်များအကြောင်း သက်ဆိုင်ရာဝန်ထမ်းများကို အသိပေးလေ့ကျင့်သင်တန်းပေးထားပါ။
- အဖွဲ့အစည်းအတွင်း (သို့မဟုတ်) မိမိလုပ်ငန်းများ (ဥပမာ - တွေ့ဆုံပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ)အတွက် လိုအပ်ပါကအသုံးပြုရန် ဆက်သွယ်နိုင်မည့် လက်သင်္ကေတပြဘာသာပြန်များ၊ Captionist များ၏ ဆက်သွယ်ရမည့်အရင်းအမြစ်နှင့် စရိတ်စကများကို ကြိုတင်စုံစမ်းချိတ်ဆက်ထားပါ။

### ၄.၂။ ဝက်ဘ်ဆိုက်နှင့်အပလီကေးရှင်းများ (Websites and Applications)

- ဝက်ဘ်ဆိုဒ် (သို့မဟုတ်) အပလီကေးရှင်းတစ်ခု ဖန်တီးပြုလုပ်သည့်အခါ မသန်စွမ်းသူများအတွက် Accessibility rights ကိုလေးစားပြီး Web Content Accessibility Guidelines အတိုင်း လိုက်နာဆောင်ရွက်နိုင်သည့် ပညာရှင်/ကုမ္ပဏီမျိုးကို ဦးစားပေးရွေးချယ်ပြီး လုပ်ငန်းအပ်နှံပါ။
- စခရင်မျက်နှာပြင်မှ အကြောင်းအရာနှင့်စာသားများကို Screen Reader ဖြင့် ဖတ်ရှု၍ရသည့် Text Format ဖြင့် ရေးသားပါ။

- ပုံ၊ အိုက်ကွန်၊ ဂရပ်ဖစ်များတွင် အဓိက အကြောင်းအရာကိုဖော်ပြသော အညွှန်းထည့်ပေးပါ (ဥပမာ - အစည်းအဝေးတွင် အကြီးအကဲမှ အဖွင့်အမှာစကား ပြောကြားနေပုံ၊ မိခင်နှင့်ကလေး ဆေးခန်းအပြင်ဘက်တွင် စောင့်ဆိုင်းနေပုံ စသည်)
- နောက်ခံအရောင်နှင့် စာသားအရောင်/ရုပ်ပုံအရောင်တို့မှာ ကွဲပြားပြီး ရှင်းလင်းထင်ရှားပေါ်လွင်မှုရှိပါစေ။ အမြင်အာရုံအတွက် စူးရှတောက်ပလွန်းပြီး အဆင်မပြေဖြစ်စေသည့် အရောင်များကို ရှောင်ကြဉ်ပါ။
- စခရင်မျက်နှာပြင်ရှိအရာအားလုံးကို ကီးဘုတ်ဖြင့် ဝင်ရောက်ဖတ်ရှု အသုံးပြုနိုင်သည့်အနေအထားဖြစ်ရမည်။ Tab key, Enter, Space, Arrow keys စသည့် Shortcut များအသုံးပြု၍ Menu, Form, Button များကို ဝင်ရောက်နိုင်ရမည်။
- စာလုံးများအရွယ်အစားသည် မျက်စိအားစိုက်ထုတ်ဖတ်ရှုမှု သက်သာစေရန်အတွက် ရှင်းလင်းလွယ်ကူစွာမြင်ရနိုင်သည့် အနေအထားဖြစ်ရမည်။ အနည်းဆုံး 16 px ဖြစ်လျှင် ပိုမိုကောင်းမွန်ပါသည်။
- Unicode Compliant fonts (ဥပမာ Pyidaungsu) ကို အသုံးပြုပါ။
- စာသားများကို စိတ်ကြိုက် အရွယ်အစားပြောင်းနိုင်ရန် Responsive font setting ထည့်သွင်းပါ။
- ဗွီဒီယိုနှင့်အသံဖိုင်များအတွက် ထည့်သွင်းဆောင်ရွက်ရမည့် အချက်များကို ဤလမ်းညွှန်၏ ရှေ့ပိုင်းရှိ " ဗွီဒီယို/အသံတို့ဖြင့် ထုတ်ဝေသော ပစ္စည်းများ" ကဏ္ဍတွင် အသေးစိတ် ကြည့်ရှုပါ။
- ဝက်ဘ်ဆိုဒ် (သို့မဟုတ်) အပလီကေးရှင်းကို နောက်ဆုံးအဆင့် လွှင့်တင်အသုံးမပြုမီ မသန်စွမ်းမှုအမျိုးအစားအလိုက် မသန်စွမ်းသူအချို့နှင့် အကြိုစမ်းသပ်အသုံးပြုကြည့်ပြီး တုန့်ပြန်အကြံပြုချက်ရယူကာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပါ။

### ၄.၃။ အထွေထွေအကြံပြုချက်များ

- အားလုံးအကျုံးဝင်မှုအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဆက်သွယ်ရေးစနစ်နှင့်နည်းလမ်းကို မသန်စွမ်းမှုအလိုက် သက်ဆိုင်ရာအသုံးပြုသူမသန်စွမ်းသူအချို့နှင့် Pre-Testing ပြုလုပ်ပြီး တုန့်ပြန်အကြံပြုချက်ရယူဆောင်ရွက်ပါ။
- အားလုံးအကျုံးဝင်မှုရှိသည့် ဆက်သွယ်ရေးစနစ်နှင့်လမ်းကြောင်းများ ဖော်ဆောင်ကျင့်သုံးရန်အတွက် လိုအပ်သော ဘတ်ဂျက်လျာထား ရေးဆွဲမှုများ ပြုလုပ်ပါ။

## ၅။ မသန်စွမ်းမှုအမျိုးအစားအလိုက် ယေဘုယျ Accessibility လိုအပ်ချက်များ

| **မသန်စွမ်းမှုအမျိုးအစား** | **Accessibility လိုအပ်ချက်များ** |
|---|---|

| | |
|---|---|
| အမြင်အာရုံမသန်စွမ်းသူများအတွက် | မျက်မမြင်လက်စမ်းစာ၊ အသံဖိုင်၊ Screen reader၊ Alt text၊ အသံ/အကြား/ထိတွေ့မှုဖြင့် သိရှိနိုင်သည့်ပုံစံများ စသည် |
| အကြားအာရုံမသန်စွမ်းသူများအတွက် | လက်သင်္ကေတပြဘာသာစကား/စကားပြန်၊ စာတမ်းထိုးပေးခြင်း/စာရေးပေးခြင်း/စာရိုက်ပြခြင်း (Captions)၊ မက်ဆေ့ချ်များ၊ မြင်တွေ့မှုဖြင့် သိရှိနိုင်သည့်ပုံစံများ စသည် |
| ဉာဏ်ရည်မသန်စွမ်းသူများအတွက် | ရုပ်ပုံများ၊ နားလည်ရလွယ်ကူသော ဘာသာစကားနှင့် စကားလုံးများဖော်ပြချက်များ၊ မှတ်မိရန် အထောက်အကူပြုသော သင်္ကေတများ၊ Easy-read formats စသည် |
| ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် | လွယ်ကူစွာအသုံးပြုနိုင်သော ဒစ်ဂျစ်တယ်ပစ္စည်းများ/ ကီးဘုတ်၊ မောက်စ်များနှင့် ပုံနှိပ်ပစ္စည်းများ၊ သတင်းအချက်အလက်ဆိုင်းဘုတ်များ၏တည်နေရာနှင့် အမြင့်များ စသည် |

## ၆။ မသန်စွမ်းမှုအလိုက် လက်လှမ်းမီသုံးစွဲနိုင်သည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းလမ်းနှင့် ပညာပေးပစ္စည်းအမျိုးအစားနှင့် နည်းလမ်းများ

| **အမျိုးအစား** | **အမြင်အာရုံ မသန်စွမ်းသူ** | **အကြားအာရုံ မသန်စွမ်းသူ** | **ဉာဏ်ရည် မသန်စွမ်းသူ** | **ကိုယ်အင်္ဂါ မသန်စွမ်းသူ** |
|---|---|---|---|---|
| ပုံနှိပ်စာ (စာရွက်/စာစောင်/စာအုပ်/ပိုစတာ/ဘောလ်ဘုတ်) | | *အဆင်ပြေသည်* | *နားလည်ရလွယ်ကူသည့် ရုပ်ပုံအခြေပြုမက်ဆေ့များ* | *အဆင်ပြေသည်* |
| ရုပ်ပုံ | | *အဆင်ပြေသည်* | *အဆင်ပြေသည်* | *အဆင်ပြေသည်* |
| အသံဖိုင်/ရေဒီယို | *အဆင်ပြေသည်* | | *ရိုးရှင်းလွယ်ကူသော စကားပြောများ* | *အဆင်ပြေသည်* |
| ဗွီဒီယို | *အသံကြားသည်* | *ရုပ်မြင်သည်၊ စာတမ်းထိုးနှင့် လက် သင်္ကေတပြ ဘာသာစကား ပါရှိလျှင် အဆင်ပြေသည်* | *အဆင်ပြေသည်* | *အဆင်ပြေသည်* |
| အီလက်ထရောနစ်ဖိုင် | *အဆင်ပြေသည်* | *အဆင်ပြေသည်* | *ရုပ်ပုံအခြေပြု နားလည်ရလွယ်ကူသည့်မက်ဆေ့များ* | *အဆင်ပြေသည်* |

| | | | | |
|---|---|---|---|---|
| ဝက်ဘ်ဆိုဒ်နှင့် Social Media Platforms များ | *Screen Reader ဖြင့် ဖတ်နိုင်သည်* | *အဆင်ပြေသည်* | *ရုပ်ပုံအခြေပြု နားလည်ရ လွယ်ကူသည့် အကြောင်းအရာများ* | *အဆင်ပြေသည်* |

၇။ လူတိုင်းလွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်သော သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် ပညာပေးပစ္စည်းများထုတ်လုပ်ဖြန့်ဝေခြင်းနှင့် အားလုံးအကျုံးဝင်ဆက်သွယ်ရေးစနစ် နှင့်နည်းလမ်းများ ဖော်ဆောင်ကျင့်သုံးရာတွင် မသန်စွမ်းသူများအား ပါဝင်စေခြင်း

- IEC ပစ္စည်းနှင့် အားလုံးအကျုံးဝင်ဆက်သွယ်ရေးစနစ်နှင့်နည်းလမ်းများ ဖန်တီးဖော်ဆောင်မှုနှင့် စပ်လျဉ်းသည့် အစီအစဉ်ရေးဆွဲမှု၊ ဒီဇိုင်းပြုလုပ်မှု၊ ပြန်လည်ဆန်းစစ်သုံးသပ်မှုနှင့် အကြိုစမ်းသပ် အသုံးပြုမှု စသည့် အဆင့်တိုင်းတွင် မသန်စွမ်းသူများကို ပါဝင်စေပါ။ မသန်စွမ်းမှုအမျိုးအစားစုံ ပါဝင်မှုကို သေချာစေပါ။
- လိုအပ်ပါက မသန်စွမ်းအဖွဲ့အစည်းများ၊ Accessibility ဆိုင်ရာ ပညာရှင်များ ပါဝင်သော အကြံပေး ကော်မတီ/အဖွဲ့များ ဖွဲ့စည်းပြီး အကြံပြုချက်များရယူဆောင်ရွက်နိုင်ပါသည်။
- IEC ပစ္စည်းများ ဖြန့်ဝေပြီးသည့်နောက်တွင်လည်းကောင်း၊ အားလုံးအကျုံးဝင်ဆက်သွယ်ရေးစနစ်နှင့် နည်းလမ်းများကို သက်ဆိုင်ရာ အုပ်စုများက အသုံးပြုပြီးသည့်နောက်တွင်လည်းကောင်း မှတ်ချက်နှင့် တုန့်ပြန်အကြံပြုချက်များ တောင်းခံပြီး လိုအပ်ချက်များကို ပြုပြင်ကာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပါ။

## ၈။ ကိုးကားချက်များ


1. United Nations Convention on the Rights of Persons with Disabilities (UNCRPD) 2006: Article 9 and 21 < https://www.un.org/disabilities/documents/convention/convoptprot-e.pdf>
2. Center for Universal Design, North Carolina State University: Universal Design Principles < https://design.ncsu.edu/wp-content/uploads/2022/11/principles-of-universal-design.pdf>
3. Web Content Accessibility Guidelines (WCAG) 2.1 < https://www.w3.org/TR/WCAG21/>
4. World Intellectual Property Organization (WIPO) 2016: Marrakesh Treaty < https://www.wipo.int/en/web/marrakesh-treaty>
5. Equal Dreams: Placement of Sign Language Interpreters in Media https://equaldreams.sg/resources/sign-language-interpreting/layout-guide/